စိတ်ကူးချိုချိုအနုပညာ

# Letters to Sam



# ဒုက္ခိတဘိုးဘိုး၏ ဆွံ့အသူမြေးလေးသို့ ပေးစာများ

ကောင်းသာ-မြန်မာပြန်

Daniel Gottlieb

mgyoe.com

mgyoe.com

ဘိုးအေတစ်ယောက်က
ကံမကောင်း အကြောင်းမလှခဲ့သော
မြေးလေးသို့ ပြောပြခဲ့သည့်
မေတ္တာဆိုသည့် အကြောင်း
ဆုံးရှုံးမှုဆိုသည့် အကြောင်း
ဘဝဇါလက်ဆောင်များ အကြောင်း
သင်ခန်းစာများ ။



ကျွန်တော်၏ လူ့အဖိုးတန်မြေးလေး ဆမ် နှင့်
ကမ္ဘာပေါ်ရှိ ဆမ် အားလုံးသို့ ....

kgt0040
1300.00 Ks

mgyoe.com

mgyoe.com

ဒုက္ခိဘိုးဘိုး၏ဆွံ့အသူမြေးလေးသို့ပေးစာများ။ ကောင်းသာ
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၁၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒုက္ခိတဘိုးဘိုး၏ ဆွံ့အသူမြေးလေးသို့ ပေးစာများ

# LETTERS TO SAM

## Daniel Gottlieb

ကောင်းသာ

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကျွန်တော်၏ လူ့အဖိုးတန်မြေးလေး "ဆမ်"နှင့်
ကမ္ဘာပေါ်ရှိ "ဆမ်" အားလုံးသို့

သူတို့၏ ထိခိုက်နာကျင်ရမှုက ကျွန်တော်တို့နှလုံးသားများအား
ဖွင့်လှစ်နိုင်ခဲ့၍ သူတို့အတွက် ဂရုစိုက်မှုကို ရှာတွေ့နိုင်ပြီး
ကျွန်တော်တို့အတွက်လည်း စွဲလမ်းမှု သံယောဇဉ်ကို
ရှာတွေ့နိုင်ပါစေ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- နိဒါန်း ၁

အပိုင်း ၁။ ကမ္ဘာလောကကြီးက ကြိုဆိုလျက်ပါ။

- မင်းလေးရဲ့ မွေးဖွားခြင်း ၇
- မင်းလေးရဲ့ ဉာဏ်ပညာကို ပြန်လည်တောင်းဆိုခြင်း ၁၁
- ပေါင်ခွင်ပေါ်တက်ထိုင်တတ်ပြီ ၁၄
- မင်းလေးရဲ့ ပြီးပြည့်စုံမှု ၁၆

အပိုင်း ၂။ မင်းရဲ့မိသားစုနဲ့ပတ်သက်၍။

- မင်းရဲ့ ဖေဖေနဲ့ ဘိုးဘိုးရဲ့ဖေဖေ ၂၃
- ကြီးတော်ကြီး "ရှုရှန်" ရဲ့ လျှို့ဝှက်ချက် ၂၈
- မင်းရဲ့ ဖွားဖွား "စန္ဒီ" ၃၂

အပိုင်း ၃။ မင်းလေးနဲ့ ဘိုးဘိုးအကြောင်း။

- သူ့ဘက်ကိုယ့်ဘက်နှစ်ဖက်လုံး အလုပ်ဖြစ်စေတဲ့ကရုဏာတရား ၃၉
- ရောဂါသည်ကိုလည်း လူလိုပဲကြည့်မြင်တတ်ပါ ၄၂
- လိုဘမပြည့်စိတ်တိုရမှုများနဲ့ ဆန္ဒများ ၄၆


mgyoe.com

mgyoe.com


အပိုင်း ၄။ မင်းရဲ့ ခန္ဓာ၊ မင်းရဲ့ စိတ်နဲ့ မင်းရဲ့စိတ်ဓာတ်။

- ယောက်ျားကောင်းပီသဖို့အရေး ၅၅
- ဆန္ဒ၏ အန္တရာယ် ၅၈
- ဘုရားပေးတဲ့တာဝန် 'သုံးမီလီမီတာ' ၆၁
- သမုဒ္ဒရာအလယ်မျောပါနေသူတွေ ၆၅
- အစ္ဆျွတ္တခရီးစဉ်ထဲကို ရဲရဲသာတိုးဝင် ၆၉

အပိုင်း ၅။ မင်းလေးရဲ့ရှေ့မှာ တစ်မျှော်တစ်ခေါ်။

- အငိုတိတ်စေတဲ့ ကစားစရာပျောက်ဆုံးတဲ့အခါ ၇၅
- ဘဝလမ်းညွှန်မြေပုံ ၇၈
- ပျော်မွေ့စရာဆိုတာ ဘာပါလိမ့် ၈၃
- အရှက•်လုံ ရေသဖန်းရွက်ကလေး ၈၆

အပိုင်း ၆။ ကမ္ဘာကြီးထဲကမင်းလေးရဲ့ နေရာ။

- အကျိုးဆောင်လူသားတစ်ဦးဖြစ်ပါစေ ၉၃
- မြွေပွေးခါးပိုက်ပိုက်။ (သို့မဟုတ်) သင်နဲ့သင်၏ကျား ၉၇
- ဘဝနေဝင်ချိန်၏ သင်ခန်းစာ ၁၀၁
- ပိုများများဝင်ဆံ့အောင် လုပ်နိုင်လေ ပိုကောင်းလေ ၁၀၅

နိဂုံးချုပ်

- နှုတ်ဆက်စကား ၁၁၁
- ညွှန့်ရိပ်သာ ၁၁၄


mgyoe.com

mgyoe.com

## နိဒါန်း

ချစ်စွာသော စာဖတ်သူများသို့

ကျွန်တော်ရဲ့ လူ့အဖိုးတန် ချစ်စရာမြေးလေး 'ဆမ်' ကို ၂၀၀၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့မှာ မွေးဖွားလာတော့ ကမ္ဘာလောကအလယ် အခြားဘိုးအေတွေလိုပဲ ကျွန်တော့်မှာ ပျော်ရွှင်ကြည်နူးရ၊ မေတ္တာစိတ်တွေ လျှမ်းလျှမ်းတောက်နေရတာပေါ့။

ဒါပေမဲ့ မွေးလာစဉ်ကတည်းက သူနဲ့ ကျွန်တော်နဲ့ကြားမှာ ခြားနားမှု နှောင်ဖွဲ့ချက်တစ်ခု ချည်နှောင်ပြီး ဖြစ်နေခဲ့တယ်။

'ဆမ်' မွေးလာတော့ ကျွန်တော့်အသက် ၅၃ နှစ်ရှိပြီ။ အနှစ် ၂၀ နီးပါး ဘီးတပ်လှည်းနဲ့ သွားနေရတဲ့ ဒုက္ခိတတစ်ယောက်ဘဝ ရောက်နေခဲ့ပြီးပြီ။ မတော်တဆကားတိုက်မှုတစ်ခုဖြစ်ခဲ့လို့ အရွယ်ကောင်းတုန်း အသက် ၃၅ နှစ်မှာ လည်ပင်းကနေ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သွက်ချာပါဒ လိုက်ကာ ဘီးတပ်လှည်းနဲ့သာ လှုပ်ရှားနေရတော့တယ်။ ၂ နှစ်လုံးလုံး အပြင်းဖျားခဲ့တာလည်း သေကံမရောက်ခဲ့လို့သာ ဒီနေ့ထိ အသက်ရှင်နေရ တာပါ။ 'ဆမ်' ကိုသာ ကျွန်တော် စကားပြောဖို့ အချိန်ရရင် ကျွန်တော့် ရဲ့ ဘီးတပ်လှည်းပေါ်ကနေ လေ့လာတွေ့ရှိရသမျှ လူမှုဘက်စုံ မြင်ကွင်း ရှုထောင့်အဖုံဖုံကို ပြောမိမှာပါပဲ။

mgyoe.com

mgyoe.com

ဒီဘီးတပ်လှည်းပေါ်ကနေ စိတ်ပညာအတတ်ကို လက်တွေ့လေ့ကျင့်ခဲ့တာ အသက် ၃၅ နှစ်ကတည်းကပါပဲ။ လူတစ်ယောက် ဘီးတပ်လှည်းပေါ်မလှုပ်မယှက် အသေလိုဖြစ်နေခိုက်မှာ လူတွေ မြောက်မြားစွာကတော့ ရွှေ့လျားသွားလာ၊ အတွေ့အကြုံတွေရ ခံစားကြနဲ့။ ဒါတွေစောင့်ကြည့်ရတဲ့ ကျွန်တော့်အတွက်တော့ သူတို့ရဲ့စိတ်အတွင်း သရဲသဘက်တွေနဲ့ သူတို့ရဲ့ စိမ်းကားတဲ့ မိသားစုအဖွဲ့ဝင်တွေရဲ့ကြား နှလုံးသားချင်း ထိပ်တိုက်တွေ့ကြပုံတွေကို မြင်နေရတယ်။ ဒီမြင်ရချက်တွေက ကျွန်တော့်ကို သတ္တိတွေ၊ တမ်းတချက်၊ လူဖြစ်ရတာရဲ့ အရသာတွေ သင်ပေးပါတယ်။

နှစ် ၂၀ လုံးလုံး ကျွန်တော်ဟာ ရေဒီယိုစိတ္တဗေဒဟောပြောချက်ဖြစ်တဲ့ ''မိသားစုအတွင်းက အသံများ'' အစီအစဉ်ကို ဒိုင်ခံတာဝန်ယူဟောပြောရပြီးတဲ့နောက်မှာ လူပေါင်း ထောင်သောင်းချီတဲ့ ပရိသတ်ဆီကလာတဲ့ စာတွေ ပြန်လှန်ဖြေကြားရပါတယ်။ ဖီလာဒဲဖီးယား NPR အသံပိုင်း အစီအစဉ်ကပါ။ ဒါ့အပြင် "Philadephia Inquirer" စာစောင်မဂ္ဂဇင်းမှာလည်း ပြီးခဲ့တဲ့ ၁၀ နှစ်ကစလို့ ပင်တိုင်ဆောင်းပါးရှင်အဖြစ် စာဖတ်ပရိသတ်ဆီက ပေးစာ၊ မေးစာတွေ တစ်ပတ်ကို တစ်ဒါဇင်လောက် ဖြေကြားရှင်းလင်းပေးရတယ်။ စာဖတ်သူနဲ့ ကျွန်တော် အတွေ့အကြုံချင်း၊ အတွေးချင်း ဖလှယ်ကြတာပါ။

စာအုပ်တွေက စိတ္တဗေဒသင်ကြားပေးပြီး ကျွန်တော့်ရဲ့ သွက်ချာပါဒဖြစ်မှုက ငြိမ်သက်စွာထိုင်ပြီး နားနှင့် နှလုံးသားကို ဖွင့်လို့ နားထောင်တတ်အောင် သင်ကြားပေးပါတယ်။

'ဆမ်' ကို မွေးစဉ်ကတည်းက ဒီမြေးလေးကို ပြောပြချင်တဲ့ ဘဝ၊ မေတ္တာအကြောင်း၊ ထိခိုက်နေတဲ့ လူကြီးတစ်ဦးဦး ကိုယ့်မိဘ ဘိုးဘွားထဲ ရောက်နေရတဲ့ ကလေးတစ်ယောက်ရဲ့ ခံစားချက်တွေနဲ့ ကျောင်းနေစဉ်ကြုံရတတ်တာတွေ တပုံတပင်ပါပဲ။ ငယ်စဉ် သူငယ်ချင်းတွေအကြောင်းနဲ့ တကွ မူးယစ်ဆေးတွေ၊ လိင်အကြောင်း ဗဟုသုတ အစုံစုံတွေပြောချင်တယ်။ ကျွန်တော်ပြောချင်၊ ရေးချင်တဲ့ စာတွေကို 'ဆမ်'လေး ကြီးလာရင်တော့ ဖတ်ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားတာပေါ့။

mgyoe.com

mgyoe.com

ဒါပေမဲ့ မျှော်လင့်ချက်တွေက 'ဆမ်' လေး အခါလည် အရွယ် ကျော်တာနဲ့ ရုတ်ချည်း ပြောင်းလဲသွားပါတော့တယ်။

'ဆမ်' ၂ နှစ် မပြည့်ခင်မှာ 'ဆမ်' တစ်ယောက် ဆွံ့အ စကား ပြောမရတာ တွေ့လာရတော့တယ်။ ဦးနှောက်ပိုင်းဆိုင်ရာမှာ ဖရိုဖရဲဖြစ်၊ ကမ္ဘာလောက၊ တခြားသူတွေ တုံ့ပြန်ဆက်ဆံရာမှာ ဘာမှမတတ်၊ ဘာမှ မသိအောင် မသန်မစွမ်းဖြစ်သွားရတာ မိဘတွေနဲ့ ကျွန်တော်ပါ ရင်ကျိုးရ တော့တယ်။ အထူးသဖြင့် အမေဖြစ်သူ ကျွန်တော့်သမီးရဲ့ ဘဝက ရင်နာ ဖွယ် ကောင်းလှတော့တယ်။ ပြီးခဲ့နှစ် ၂၀ လုံးလုံး ဒုက္ခိတဖြစ်တဲ့ အဖေ ကျွန်တော့်ကို ပြုစုခဲ့ရသေးလို့ မပြီးသေးဘူး အခုသားလေးက လူမမယ် အရွယ် ၂ နှစ်မှာပင် လည်ပင်းကျိုးကျပြီး ခပ်ပြင်းပြင်း အသံပလံတစ်ခုခု ကြားရင်ပဲ လန့်လန့်နေတတ်တာတွေက သေရာပါမယ့် နာတာရှည်ရောဂါ ကြီးဖြစ်ရင် သေချင်ဖွယ် ဒုက္ခပါပဲ။

ကျွန်တော်ကတော့ ဒုက္ခိတနဲ့ မသန်မစွမ်းဖြစ်ကြရတဲ့ မြေးအဘိုးတို့ ရဲ့ ကံတူအကျိုးပေး၊ ဒီအများနဲ့ ကွဲပြားခြားနားရတာ ဘာအဓိပ္ပာယ်ဆောင်မှန်း မြေးလေးကို ရှင်းပြချင်ပါဘိ။ ဘဝရဲ့ ဒီဒုက္ခ ဆင်းရဲကို ဘယ်လို နေ့စဉ် ရင်ဆိုင်တတ်ရမယ်ဆိုတာ သင်ပေးချင်လိုက်တာ။

'ဆမ်' ကို ပြောချင်သမျှထဲမှာ မေတ္တာအကြောင်းက အများဆုံးပဲ။ "အင်ဒရူးလွိုက်ဝက်ဘာ" ပြောခဲ့တဲ့ "မေတ္တာတရားက အရာရာကို ပြောင်းလဲပေးနိုင်တယ်" ဆိုတာ သိပ်မှန်ကြောင်း 'ဆမ်' ကို ပြောချင်တယ်။ 'ဆမ်' ကို သူကြီးလာရင် မေတ္တာဆိုတာ ရယူခြင်းထက် ပေးဆပ်နေရ ခြင်းက ပိုအရေးပါတယ်ဆိုတဲ့အကြောင်း နားလည်အောင် ရှင်းပြချင်တယ်။

ဒါပေမဲ့ ဆွံ့အတဲ့ နာတာရှည်ရောဂါမှာ ဆိုးဝါးချက်တွေ များလှ တယ်။ ကိုယ်ပြောချင်၊ ပြုချင်တဲ့ဆန္ဒတွေ ပြည့်ပါ့မလားပဲ။ စာတောင် မရေးနိုင်၊ မဖတ်နိုင်မှာ စိုးရတယ်။ ဘယ်လိုပဲဖြစ်ပစေ သူ့ရဲ့ မသန်မစွမ်းမှုက ဘယ်လောက်ထိ ကျယ်ပြန့်သွားသည်ပဲဖြစ်စေဦးတော့ အဘိုးရဲ့ကိုယ့်ပုံပြင် ပြန်ပြောတာ၊ ကိုယ့်မေတ္တာအကြောင်း သိစေချင်တာ၊ မြေးအပေါ်သိပ်ချစ်တာ

mgyoe.com

mgyoe.com
တွေ ပြောပြထား၊ ကြိုတင်ရေးထားရမှာပဲ။ ဒါမှ ကံသေကံမ နောင်တစ်ချိန် မြေးလေး 'ဆမ်' စာဖတ်နိုင်လာခဲ့သော် သွားလေသူဖြစ်လာနိုင်တဲ့ ကျွန်တော် အားထုတ်ခဲ့သမျှ မြေးလေးအတွက် အကျိုးရှိနိုင်ပေလိမ့်မပေါ့။

သည်စာအုပ်ထဲ ပါဝင်တဲ့ အခန်းတိုင်းဟာ မြေးလေး 'ဆမ်' ဆီရေးတဲ့ ပေးစာတွေပါပဲ။ တချို့က ကျွန်တော့်ဘဝအကြောင်း ပုံပြင်တွေ၊ အများစုကတော့ ကျွန်တော်လေ့လာတွေ့ရှိခဲ့သမျှ ဘဝသင်ခန်းစာပုံပြင်တွေပါပဲ။ အားလုံးသော ပုံပြင်တွေက လူ့ဘဝရဲ့၊ လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်အနှစ်သာရတွေချည်းပါပဲ။

mgyoe.com

mgyoe.com

အပိုင်း ၁

# ကမ္ဘာလောကကြီးက ကြိုဆိုလျက်ပါ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မင်းလေးရဲ့ မွေးဖွားခြင်း

### ချစ်စွာသော 'ဆမ်'

မြေးလေးကို မွေးလာစဉ်ကတည်းက ဘိုးဘိုးရဲ့ဘဝ ပြောင်းလာတယ်လို့ ဆိုရမယ်။ မြေးလေးရဲ့ မေမေ့ဘဝ၊ ဘိုးဘိုးရဲ့ သမီးလေးဘဝက ပိုတောင်ပြောင်းလဲသွားတယ် ဆိုရမယ်။

မြေးလေးကို မွေးရတော့မယ့်အချိန်မှာ ဗိုက်ခွဲမွေးရမယ်လို့ သိရတယ်။ မြေးလေးကို မွေးဖို့ ဆေးရုံကို ဘိုးဘိုးတို့လာပြီးစောင့်နေရစဉ် ဟိုးငယ်ငယ်တုန်းက မြေးလေးရဲ့ မေမေဖြစ်တဲ့ သမီးလေး 'ဒက်ဘီ' ကို မွေးဖွားစဉ် ဆေးရုံမှာစောင့်ခဲ့ရတာ သွားသတိရတယ်။ 'ဒက်ဘီ'ကို ဘွားဘွားမွေးရစဉ် 'ဒက်ဘီ'အထက်က သမီးကြီး 'အလီ'ကို မွေးပြီးခါစ ၁၁ လပဲရှိသေးတယ်။ သမီးနှစ်ယောက်က သိပ်နီးတယ်။ တစ်နှစ်နီးပါးပဲကွာကြတယ်။ ဒီသမီးတွေ လူ့လောကထဲ ရောက်လာတိုင်းမှာ ဒီသမီးတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ သူတို့ဘဝကောင်းအောင် အတတ်နိုင်ဆုံးလုပ်ပေးမယ်လို့ ဘိုးဘိုးသန္နိဋ္ဌာန်ချမိတယ်။ မိဘတိုင်း ဒီလိုပဲ ရှိကြမှာပါ။

မြေးလေးရဲ့ မေမေလမ်းလျှောက်တတ်စအရွယ်ရောက်လာတော့ ဆံပင်ကနက်မှောင်မှောင်၊ မျက်လုံးတွေကညိုညို၊ ဝိုင်းဝိုင်းစက်စက်၊ ပြူးကျယ်ကျယ်နဲ့ အတော်ချစ်စရာကောင်းသား။ ဘိုးဘိုးစားပွဲပေါ်မှာ သူတို့ညီအစ်မနှစ်ယောက် လက်ချင်းချိတ်တွဲလို့ သဲသောင်ကမ်းစပ်မှာ ရပ်နေတဲ့

mgyoe.com

mgyoe.com

ဓာတ်ပုံကို ထောင်ထားတယ်။ ဓာတ်ပုံထဲမှာ 'ဒက်ဘီ'က ၃ နှစ်၊ 'အလီ' က ၄ နှစ်သမီးအရွယ်ရှိတယ်။ 'ဒက်ဘီ'က သူ့အစ်မ 'အလီ'ရဲ့ အရိပ်လို ပဲ အစ်မသွားလေရာ တကောက်ကောက်လိုက်၊ အစ်မလုပ်သမျှလိုက်လုပ် တတ်တယ်။

မြေးလေးရဲ့ မေမေ 'ဒက်ဘီ'ဟာ ငယ်စဉ်ကတည်းက အဖေဖြစ်သူ ဘိုးဘိုးရဲ့ ဦးနှောက်ထဲနဲ့ စိတ်ဝိညာဉ်ထဲကို ဘာတွေဖြစ်ပျက်နေသလဲလို့ ပြောင်ကျကျ ဝင်စပ်စုမွှေနှောက်ကြည့်တတ်ခဲ့တယ်။ ဘိုးဘိုးရဲ့ မတော်တဆ ဘေးမကြုံတွေ့မီ တစ်ခါက သမီးလေး 'ဒက်ဘီ' ပသိရောင်အနာဖြစ်လို့ ဆေးရုံသွားပြစဉ်တုန်းကအဖြစ်ကို သတိရမိသေးတယ်။ ဆေးရုံမှာ လူးလာ တုန့်ခေါက်နဲ့ ဂဏှာမငြိမ်ဖြစ်နေတဲ့ ဘိုးဘိုးကို ကြည့်ရင်း သမီးလေး 'ဒက်ဘီ'က ဘိုးဘိုး ဘာကိုစိုးရိမ်ကြောင့်ကြနေတာလဲလို့ မေးတယ်။ ဩော် သမီးလေး လည်ချောင်းဝကအနာ ကျက်မှကျက်ပါ့မလားလို့၊ ဆေးထည့်ပြီး လည်း ကိုက်ခဲနေမှာကို စိုးရိမ်နေတာလို့ ပြောတော့ သမီးလေးက မယုံဘူး။ ဖေဖေမညာနဲ့တဲ့၊ တကယ် ဖေဖေစိုးရိမ်နေတာ ဒါမဟုတ်ဘူးဆိုပဲ။ တစ်ခုခု အတပ်သိထားပုံနဲ့ ပြောခဲ့တာ။ ကဲ ဒါဖြင့် ဘာလဲလို့ ဖေဖေကပြန်မေးတာ ပေါ့။

"အမှန်တကယ် ဖေဖေကြောက်နေတာက သမီးဒီနေရာမှာတင် သေ သွားမှာကို စိုးလို့မဟုတ်လား"

အမှန်မှာတော့ သမီးလေးပြောတာဟုတ်ပါတယ်။ ဖေဖေရဲ့ အစိုးရိမ် လွန်ကဲမှုကို သမီးလူမမည်ကလေးက ရိပ်မိသွားရအောင်ကို မြင်သာ ထင်သာ လွန်းနေတယ် ထင်ပါရဲ့။

နောက် အဖြစ်အပျက်တစ်ခုလည်း မှတ်မိသေးတယ်။ 'ဒက်ဘီ' ခြောက်နှစ်သမီးအရွယ်ကပါ။ ဘိုးဘိုးက ဆရာဝန်ဆိုတော့ အိမ်မှာလည်း လူနာတွေ လက်ခံကုသပေးတတ်တယ်။ တစ်ညနေ လူနာတစ်ယောက် လက်ခံတွေ့ဆုံဖို့ ချိန်းထားတာမို့ မှန်တင်ခုံရှေ့မှာ ဘိုးဘိုးခေါင်းဖြီးနေတယ်။ သမီးလေးအိပ်ပျော်နေမယ် ထင်မိတာ အိပ်မပျော်ဘဲ ဘိုးဘိုးခေါင်းဖြီးနေတဲ့ ခုံရှေ့လာထိုင်ပြီး ဘိုးဘိုးလုပ်ကိုင်နေတာ သေသေချာချာ ထိုင်ကြည့်နေ

mgyoe.com

mgyoe.com


တယ်။ ဘိုးဘိုးကလည်း ခေါင်းကဆံပင်တွေ တဖြည်းဖြည်း ငယ်ထိပ်ပြောင်နေတာ စိတ်ညစ်နေပြီး ဆံပင်တွေခပ်များများကျန်တော့တဲ့ ခေါင်းနောက်စေ့ နေရာပဲ မဲပြီး ဖြီးနေမိတယ်။

"လူနာနဲ့ တွေ့တာလေးများ ဘာတွေစိုးရိမ်လို့ ဒါလောက်တောင် ကျကျနန ဂရုစိုက်လွန်းနေရတာလဲ ဖေဖေ"

"ဖေဖေလည်း မသိဘူး"

"မဟုတ်သေးဘူးလေ လူနာလည်း လူထဲက လူပဲဥစ္စာ"

သမီးရဲ့ အဲဒီစကားက သေသေချာချာ နောက်ပိုင်း စဉ်းစားကြည့်မှ မှန်နေမှန်း သေချာသွားတော့တယ်။ ကိုယ့်အပြုအမူလွန်ကဲမှန်း သတိပြုမိ သွားရပါတယ်။

အဲဒီလို အဖေ့ကို အရိပ်တကြည့်ကြည့်နဲ့ အမြင်မတော်တာတွေ မသိမသာ ထောက်ထောက်ပြတဲ့အတွက် ဒီသမီးလေး'ဒက်ဘီ'က ဘိုးဘိုးရဲ့ ကြေးမုံပြင်လို ဖြစ်ဖြစ်လာတယ်လို့ ဆိုရမယ်။

သည်လိုနဲ့ ဒီသမီးလေးဟာ တဖြည်းဖြည်းကြီးပြင်းလာတာနဲ့အမျှ သူ့ကို ကာကွယ်မယ်ဆိုတဲ့ အဖေဟာ သူမ ၆ နှစ်သမီးအရွယ်ကတည်းက ကား တိုက်မှုဖြစ်ပြီး ဘီးတပ်လှည်းနဲ့ နေရတဲ့ဘဝ ရောက်ရတော့တယ်။ သမီးလေးဟာ ဒီကတည်းက ဒုက္ခသုက္ခတွေ အများကြီး တွေ့ကြုံခံစားခဲ့ ရပါတော့တယ်။ မြီးကောင်ပေါက် ဆယ်ကျော်သက်အရွယ်မှာ သမီးလေးရဲ့ ခံစားရချက်၊ စိတ်ဆင်းရဲမှု ဝေဒနာတွေဟာ စုပုံတိုးပွားလာပုံရတယ်။ ပြုံးတော့ ပြုံးနေဆဲဖြစ်ပေမဲ့ အပြုံးစစ်စစ် မမည်တော့ပါဘူး။ သူမရဲ့ လိုအပ်ချက်တို့၊ ဆန္ဒတို့ဆိုတာ ပီဘိတိတ်ဆိတ်သွားတော့တယ်။

မမျှော်လင့်ဘဲ မြေးလေး ဖေဖေနဲ့ သမီးလေး တွေ့ဆုံကြုံကြိုက်၊ မေတ္တာမျှမိကြတာ ဘိုးဘိုးတွေ့ရတော့ ဝမ်းသာလိုက်သမှ ပြောမနေပါနဲ့ တော့။ မြေးလေးဖေဖေကလည်း လူကောင်း လူတော်တစ်ယောက်။ ငယ်စဉ် ကလေး ရှန်းကန်ခဲ့ရပေမဲ့ ခုတော့ ကြင်နာတတ်၊ ချစ်တတ်ပြီး မိန်းမ တစ်ယောက်အနေနဲ့ အားကိုးအားထားပြုလောက်တဲ့ အနေအထားမှာရှိလို့ ဘိုးဘိုး သက်ပြင်းချ စိတ်အေးရတယ်။

mgyoe.com

mgyoe.com

အိမ်ထောင်ကျပြီး သိပ်လည်းလှ၊ သိပ်လည်းပျော်နေတဲ့ သမီးလေးကို မြင်ရတော့ "ဘဝမှာ နောက်တစ်ခါကြည်နူးရမယ့်အခွင့် ပေါ်လာပြီ" လို့ ဘိုးဘိုး မှတ်လိုက်တော့တယ်။

မကြာမီ သမီးလေး မိခင်လောင်းဘဝရောက်၊ မြေးလေးကို ကိုယ်ဝန်စလွယ်တော့ သမီးလေးဟာ ဘိုးဘိုးရဲ့ ဆရာမ ဖြစ်လာတော့တယ်။ ဘိုးဘိုးက တယ်လီဖုန်းဘေးနားက မခွာတမ်းထိုင်ပြီး စတင်းဘိုင်နေရတော့တာပေါ့။

ကိုယ်ဝန်က တစ်စတစ်စကြီးထွားလာတာကို ကြည့်ရင်း ဆုတောင်းပေးနေရတယ်။ ဒီလိုနဲ့ပဲ မြေးလေး 'ဆမ်'ကို မွေးပေးရမည့်နေ့ရက်ကို ရောက်လာတာနဲ့ အခုလို ဆေးရုံလာလို့ သမီးက မြေးလေးမွေးမှာကို ဘိုးဘိုးရယ်၊ ဘွားဘွား 'စန္ဒီ'ရယ်၊ မြေးလေးဖေဖေရယ်တို့ သုံးယောက်သားလာစောင့်နေကြခြင်းပဲ ဖြစ်ပါတယ်။ မိနစ် ၉၀ ကြာ ဆရာဝန်က ဗိုက်ခွဲမွေးတာကို ခွဲစိတ်ခန်းအပြင်က စောင့်နေခိုက် ရင်တွေခုန်တာ တဒိတ်ဒိတ်နဲ့ပဲ။

ဆရာဝန်က အပြင်ထွက်လာပြီး မြေးလေးဖေဖေကို အထဲဝင်ကြည့်ဖို့ ခေါ်တယ်။ မြေးလေးဖေဖေ အပြင်ပြန်ထွက်လာပြီး သားလေးမွေးကြောင်း၊ ကလေးရောမိခင်ပါ ကျန်းမာကြောင်း ပြောပြီး ဘိုးဘိုးတို့ပါ အထဲဝင်ကြည့်ရတယ်။

နှစ်နှာရီကြာမတွေ့ရတဲ့ သမီးလေးတော့ မိခင်ဖြစ်ချေပြီပေါ့။ ခြားနားတဲ့ လူတော့ ဖြစ်ချေပြီပေါ့။ တွေ့ရတာ ပိုတည်ငြိမ်၊ ပိုအသက်ပိုရင့်သလို ရှိရဲ့။

မြေးလေးကတော့ ချစ်မေတ္တာရဲ့ လက်ဆောင်မွန်တစ်ခုပေါ့။ အနာတရ ထိခိုက်နာကျင်နေရသူ သားအဖနှစ်ယောက်ရဲ့ မေတ္တာကနေ ပေါ်ပေါက်ဖြစ်ထွန်းလာရသူ၊ လူသားအသစ်စက်စက်ကလေးပါပဲ။

*မေတ္တာဖြင့်*
ဘိုးဘိုး "ပုပ်"

mgyoe.com

mgyoe.com

## မင်းလေးရဲ့ ဉာဏ်ပညာကို ပြန်လည်တောင်းဆိုခြင်း

ချစ်စွာသော 'ဆမ်'

သင်နဲ့ သင့်မိဘတွေဘက်မှာ လုပ်ငန်းတွေကိုယ်စီရှိကြတယ်။ သင့်မိဘတွေရဲ့ လုပ်ငန်းတွေအကြောင်း ခဏပြောကြရအောင်၊ ပြီးမှ မြေးလေးရဲ့ လုပ်ငန်းအကြောင်း ပြောကြမယ်။

မြေးလေးရဲ့ မိဘတွေအလုပ်က မြေးလေးကို ချစ်မြတ်နိုးဖို့နဲ့ မြေးလေးအတွက် အကောင်းဆုံး ကာကွယ်စောင့်ရှောက်ဖို့ပဲပေါ့။ သင့်အပေါ် နားလည်မှုထားရေး၊ သင့်ရယ်မောမှုတွေမှာ ပါဝင်ခံစားရေးပဲ။ မြေးလေးသင့်ကို သူတို့နှစ်ယောက်စလုံးက အမြစ်တွေ၊ တောင်ပံတွေ တပ်ဆင်ပေးထားမယ်လို့ ဘိုးဘိုး မျှော်လင့်တယ်။ အမြစ်တွေပေးထားတော့ သင့်မှာ မေတ္တာဓာတ်ရယ်၊ လုံခြုံစိတ်ချရမှုရယ်၊ ဂရုစိုက်မှုရယ်တို့ပါ ရရှိတာပေါ့။ ကိုယ့်ကိုယ်ကိုယ် ဘာလဲဆိုတာပါ အစစ်အမှန် နားလည်နိုင်တယ်။ တောင်ပံတွေပါ တပ်ပေးရင်တော့ ကိုယ်လိုရာကို လွတ်လွတ်လပ်လပ် စဉ်းစားနိုင်ပြီး သင့်နှလုံးသား၊ သင့်စိတ်ဦးနှောက်နဲ့ ပြင်ပကမ္ဘာကြီးအကြောင်း လွတ်လပ်စွာ တူးဖော်ရှာဖွေနိုင်စွမ်း ရှိတော့တာပေါ့ကွယ်။

ကောင်းပြီ သင့်အလုပ်၊ မြေးလေးရဲ့ လုပ်ငန်းအကြောင်း ပြောရအောင်။ ဂျူးတွေရဲ့ ဘာသာရေးသင်ကြားချက်ထဲမှာ ကလေးတစ်ဦးဟာ မွေးဖွားစဉ်ကတည်းက ဘုရားသခင်က အဲဒီကလေးရဲ့အတွင်းမှာ သူ့ဘဝအတွက်

mgyoe.com

mgyoe.com

လိုအပ်သမျှ အသိပညာဉာဏ်နဲ့ ဗဟုသုတတွေ သွတ်သွင်းပေးလိုက်တယ်လို့ ဆိုတယ်။ သည့်နောက် ဘုရားသခင်က ကလေးငယ်ရဲ့နှုတ်ခမ်းပေါ် သူ့လက်ချောင်းတော်နဲ့ ပိတ်ပြီး "ရှူး"လို့ အရိပ်အမြွက် ပြလိုက်တာကတော့ ဘုရားသခင်က သူနဲ့ ကလေးရဲ့ကြားမှာ လျှို့ဝှက်ဂိုဏ်းဖွဲ့လိုက်တဲ့ သဘောပဲတဲ့။ ဒါကြောင့် ကလေးငယ်တိုင်းရဲ့ အပေါ်နှုတ်ခမ်းပေါ်မှာ ဝစီကံကို စောင့်ထိန်းဖို့ ဘုရားသခင်ရဲ့ လက်ညှိုးရာ ထင်ကျန်ခဲ့ပြီးသားလို့ အဆိုရှိပါတယ်။

ဒါပေမဲ့ နှစ်တွေကြာညောင်းလာတဲ့အခါ သန့်စင်မှုနဲ့ ဉာဏ်ပညာတို့က တိုက်စားပွန်းပဲ့ခြင်းခံရတယ်။ ကလေးငယ်တွေဟာ အတွေ့အကြုံရဲ့ ပုံသွင်းခြင်းနဲ့ လူလည်ကျ မရိုးမသားဖြစ်လာရတယ်။ ဘဝက တခြားကွဲပြားရာ တစ်စုံတစ်ခုကို ပြောင်းပစ်တယ်လေ။

နှစ်များစွာက သက်လတ်ပိုင်း လူတစ်ယောက်ကို ဘိုးဘိုးအိမ်ပြတင်းပေါက်ပြင်ဖို့ ငှားဖူးတယ်။ ဒီလူက အီတလီသံဝဲဝဲနဲ့ ဘာသာရေးမှာ ဂျူးဝါဒကိုးကွယ်တယ်လို့ သူက ပြောတယ်။ ဘိုးဘိုးက ပိုစိတ်ဝင်စားသွားတာပေါ့။ အီတလီလူမျိုး နာမည်မှာ နောက်စာလုံးက အီတလီစာလုံး။ အဲဒီ အီတလီလူမျိုးထဲမှာ 'ဂျူဒါ'ဝါဒ ကိုးကွယ်သူ ဘိုးဘိုးတစ်သက် တစ်ခါမှ မတွေ့ဖူးဘူး။ လူကတော့ ဉာဏ်ကောင်းကောင်း၊ ဘာမဆို နက်နက်ရှိုင်းရှိုင်းကြည့်တတ်၊ မြင်တတ်ပုံပေါ်သား။

သူနဲ့ စကားပြောကြည့်ချက်အရ ရောမကလာတဲ့ လူငယ်ဖြစ်ပြီး ငယ်စဉ်က ဂျူးဘာသာရေးခေါင်းဆောင် ဓမ္မကထိက ဖြစ်ချင်ခဲ့တယ်တဲ့။ "ဘဝက ရယ်စရာအကောင်းသားဗျ။ ငယ်ငယ်ကတည်းက ဓမ္မကထိက ဖြစ်ချင်ခဲ့တဲ့လူက ခုတော့လည်း ရောမကနေ အမေရိကန် နယူးဂျာစီနယ်ထဲရောက်၊ ပြတင်းပေါက်ပြင်ပေးနေရတယ်"

သူက မိုးပေါ်မော့ကြည့်၊ တစ်အောင့်လောက်စဉ်းစားပြီးမှ ဆက်ပြောတာက-

"ကျွန်တော်တို့ဟာ လေးထောင့်ဘဝနဲ့ မွေးလာပြီး သေတော့မှ စက်ဝိုင်းပုံစံဘဝနဲ့ ပြီးသွားတယ်ထင်ပါတယ်" သူ့စကားက စဉ်းစားစရာ။

mgyoe.com

m gyoe.com


ဘိုးဘိုးကတော့ ထင်ပါတယ်။ ဘဝရဲ့ လောကစံရေပြင်က ဘိုးဘိုးတို့ လူသား ပုထုဇဉ်တွေကို တိုက်ချသွားတော့ မူလပုံစံထောင့်စွန်းလေးခုတွေ ပျက်ပြယ်ကုန်တယ် ထင်ရတာပဲ။ ဒါလည်း ကောင်းတာပါပဲလေ။ ပုံစံသစ်၊ အသွင်အပြင်သစ်တစ်ရပ်ကို အံ့သြဖွယ် ပြောင်းလဲနိုင်ခွင့်ရတာပေါ့။

မွေးကတည်းကပါလာတဲ့ ကြီးမြတ်တဲ့ဉာဏ်ပညာကြီးရဲ့ အစိတ်အပိုင်းတချို့လည်း ဒီလောကစံလှိုင်းတံပိုးကြားမှာ ပျောက်ဆုံးသွားရပြန်တာပါပဲ။ သည် ဉာဏ်ပညာရှိခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားက ဘိုးဘိုးတို့ နှာခေါင်းအောက်တည့်တည့်မှာ ဘိုးဘိုးတို့နဲ့အတူ တည်ရှိနေဆဲပဲဆိုတာ သေချာတယ်။

သည်တော့ မြေးလေးရဲ့လုပ်ငန်းက ကိုယ့်မွေးရာပါ ပင်ကို အရည်အချင်းအပေါ် ယုံကြည်စိတ်ချပြီး သင်နဲ့ ဘုရားသခင်တို့ လျှို့ဝှက် ဂိုဏ်းဖွဲ့ ဝစီကံစောင့်ထိန်းရေးစာချုပ် ချုပ်ထားတဲ့အတိုင်း လိုက်နာကျင့်သုံးရင်း သင့်မှာ အမြဲတမ်းရှိခဲ့တဲ့ ဉာဏ်ပညာကို ပြန်လည်တောင်းဆိုဖို့ပဲ ဖြစ်ပါတော့တယ်။

*မေတ္တာဖြင့်*

ဘိုးဘိုး"ပုပ်"

mgyoe.com

mgyoe.com

# ပေါင်ခွင်ပေါ် တက်ထိုင်တတ်ပြီ

ချစ်စွာသော 'ဆမ်'

ပြန်လည် စဉ်းစားကြည့်ရင် မြေးလေးကို စမွေးလာစဉ်ကတည်းက ဘိုးဘိုးချစ်ခဲ့တာကို သိခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းရင်းတချို့ရယ်ကြောင့် ဘိုးဘိုးရဲ့အချစ်ဟာ ပြည့်ပြည့်ဝဝ ပုံသဏ္ဍာန်ဖွဲ့တည်လာဖို့က ၆ လ ကြာခဲ့ရတယ်။ စောစောပိုင်းက ဘိုးဘိုးအချစ်က "ငါ့ရဲ့မြေးလေး ပဲ" ဆိုတဲ့ အချစ်ပဲရှိသေးတယ်။ မွေးပြီး ၆ လ အကြာမှာတော့ "မင်းလေးကို ငါ ချစ်တယ်" အဆင့်ရောက်ပြီ။ လူပုဂ္ဂိုလ်အရ အပ်ကျမပ်ကျ ချစ်တတ်လာ တာပါ။ ဘိုးဘိုးအပေါ်ထားတဲ့ မြေးလေးရဲ့အချစ်မှာလည်း အလားတူ တစ်စုံ တစ်ရာ ပြောင်းလဲလာခဲ့မှာပဲလို့ ဘိုးဘိုး ထင်တယ်လေ။

ဘိုးဘိုးနေတဲ့နေရာနဲ့ မြေးလေးတို့မိသားစု ၃ ယောက်နေကြတဲ့ နေရာချင်းက သုံးနာရီကြာ သွားရတယ်။ မွေးမွေးချင်း မြေးလေးနဲ့ နီးနီးကပ်ကပ် အတူနေဖို့အခွင့်မရဘူး။ မြေးလေးအနေနဲ့လည်း ငါ့ဘဝမှာ အဘိုးရယ်လို့ ရှိပါလားဆိုတဲ့အသိ ဘယ်ဝင်ပါ့မလဲ။ သည်တော့ အနေဝေးခြင်းက ခပ် စိမ်းစိမ်း ပိုဖြစ်စေတယ်။ ဒါပေမဲ့ ဘိုးဘိုးရဲ့အဖေကြီး ဆုံးတဲ့အသုဘမှာ အရာရာ ပြောင်းလဲသွားခဲ့ပါတယ်။

ဘိုးဘိုးရဲ့ အဖေကြီးဆုံးတော့ မြေးလေးအသက်က ၆ လ ပဲရှိသေး တယ်။ ဒါပေမဲ့ အသုဘရှုပနချတော့ မြေးလေးကို ခေါ်လာကြတယ်။ ဘိုးဘိုးက မျက်နှာမကောင်းစွာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေခိုက်မှာ

mgyoe.com

mgyoe.com


မြေးလေးက ဘိုးဘိုးရှိရာ ဘီးတပ်လှည်းပေါ်တက်၊ ဘိုးဘိုးပေါင်ခွင်ပေါ် တက်ထိုင်ဖို့ ကြိုးစားနေတာနဲ့ မိဘတွေက အလိုက်သင့် ဘိုးဘိုးပေါင်ပေါ် တင်ပေးထားတယ်။ ကြည့်ရတာ မြေးလေးရဲ့ အမြင်မှာ ဒီလူသိုက်ကြားထဲ မျက်နှာမသာယာဆုံးဖြစ်နေတဲ့ ဘိုးဘိုးရဲ့ ဝေဒနာခံစားချက်ကို အာရုံရနေ ဟန်တူရဲ့။ ဘိုးဘိုးနဲ့အနီးဆုံးနေရဖို့ လုံးပန်းနေရှာတယ်။ အဲဒီကစပြီး တို့မြေး အဘိုးဟာ အတူတူဆုံတွေ့တိုင်း ငါ့မြေးလုပ်တတ်တဲ့ အကျင့်က ဘိုးဘိုးရဲ့ ပေါင်ခွင်ပေါ် အတင်းတက်ထိုင်ခွင့်ရဖို့ ကြိုးစားတတ်တာပဲ ဖြစ်ပါတယ်။

ပထမကနဦးတွေးမိတာက ဘိုးဘိုးရဲ့ ဘီးတပ်လှည်းက ကလေးတွေ ရဲ့ အာရုံကို ဖမ်းစားတာကြောင့် ဒီလှည်းကို စိတ်ဝင်စားလို့ပဲ ဘိုးဘိုးအနား လာကပ်တာလားလို့ ထင်မိသေးတယ်။ ဒါမှန်ကောင်းမှန်နိုင်စရာရှိပေမဲ့ ပုံပြင်တစ်ပုဒ်လုံးကိုတော့ ကိုယ်လည်း မသိနိုင်ဘူးပေါ့လေ။ ဒါပေမဲ့ မြေးလေး နဲ့ဘိုးဘိုးတို့ဟာ စိတ်တူ၊ ကိုယ်တူ၊ အာရုံခံစားမှုချင်း တူနေတယ်ဆိုတာတော့ သေချာတယ်။ တခြားသူတွေ တတ်နိုင်တာတွေ ဘိုးဘိုး မတတ်နိုင်၊ မလုပ် နိုင်မှန်း မြေးလေးတစ်စတစ်စနဲ့ သိလာမှန်း ဘိုးဘိုးသတိထားမိတယ်။ ဘိုးဘိုးရဲ့အလုပ်က ကိုယ့်ရဲ့တခြားသူတွေနဲ့မတူ ခြားနားချက်ကို ဘယ်လို သည်းခံရမယ်ဆိုတာ မြေးလေးသိအောင် သင်ပြပေးဖို့ပဲ။ ကိုယ့် ကိုယ်ပိုင် ရေပြင်မှာ ဘယ်လို ပဲ့ကိုင်သွားလာရမယ်ဆိုတာပဲပေါ့။ မင်းလေးကြီးလာရင် လူတွေက ကိုယ့်ကို ကွဲကွဲပြားပြား ဆက်ဆံတာတွေ မြေးလေးသိအောင် ပြောပြရဦးမယ်။

ကြောက်ရွံ့မှု၊ တရားမမျှတခြင်း လောကဓံ ဆင်းရဲဒုက္ခကြားက ရ တတ်တဲ့ ဘဝရဲ့ ကုသိုလ်တော်လက်ဆောင်လေးတွေအကြောင်း ပြောရဦး မယ်။ တကယ် မင်းလေးမမေ့အောင် သတိပေးနေရမှာက ၆ လ အရွယ်နဲ့ သူ့ဘိုးဘိုးရဲ့ပေါင်ပေါ် တက်ထိုင်ဖို့ပဲ ကြိုးစားတတ်တဲ့ ကလေးလေးအကြောင်း ပေါ့ကွယ်။

*မေတ္တာဖြင့်*
ဘိုးဘိုး "ပုပ်"

mgyoe.com

mgyoe.com

## မင်းလေးရဲ့ ပြီးပြည့်စုံမှု

### ချစ်စွာသော 'ဆမ်'

မင်းလေးကို မွေးပြီးပြီးချင်း ကလေးမိခင် ကျန်းမာရေးကောင်းရဲ့လား စိုးရိမ်မိသလို၊ နောက်ရက်တွေမှာ သူနေကောင်း မကောင်း သတင်းမေးမိသလို မြေးလေးနေကောင်းရဲ့လားလို့လည်း မေးမိတာပါပဲ။ မြေးလေးမေမေ ဖြေလေ့ရှိတာက ''ဆမ်ကတော့ ပြီးပြည့်စုံအောင် နေကောင်းပါတယ်'' လို့ချည်းပဲ၊ ဒီအဖြေချည်းရပါများလာတော့ စိုးရိမ်မိပြန်တာပါပဲ။

'ဆမ်'ရေ၊ ပြီးပြည့်စုံတဲ့သူရယ်လို့ လောကမှာ မရှိဘူး။ တို့လူသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားခြားနားရအောင် တမင်ပဲ မပြည့်မစုံအောင် ဖန်တီးထားခံနေရတာပါ။ 'ဒက်ဘီ'ဟာ ဒီလိုသာ 'ဆမ်' ကို ပြီးပြည့်စုံအောင် ကောင်းနေပြီလို့ ဆက်ယုံကြည်နေရင် မင်းလေးရဲ့ ခြားနားချက်၊ တစ်ခုခုချို့တဲ့ချက် ထင်ရှားလာတဲ့ တစ်နေ့ 'ဒက်ဘီ' တစ်ယောက် ရင်နာရတော့မှာပါပဲ။ သမီးဖြစ်သူ ရင်နာစရာဖြစ်ရမယ့်အရေး ဘိုးဘိုး စိုးရိမ်မိတော့တယ်။

ငါ့မြေးလေး ၁၄ လ ပြည့်လာတဲ့အခါ ဘိုးဘိုး သတိထားမိတာ တစ်ခုက မြေးလေးတစ်ယောက် ခုထိ စကားလုံးဝမပြောသေးတာပဲ။ လူကြီးတွေ မင်းလေး ရှေ့မှာ စကားပြောနေတာကြားမိပုံ မရဘူး။ ဒါ ပြဿနာပဲ။ မင်းမေမေကို ဘယ်လိုပြောရမယ်မသိ။ နောက်ဆုံး တစ်နေ့ မပြောဘဲ

mgyoe.com

မနေနိုင်တာနဲ့ ပြောဖြစ်တယ်။ မင်းမေမေရော ဖေဖေပါ ဘိုးဘိုးပြောတာ သတိထားမိသွားပြီး စိုးရိမ်ရကောင်းမှန်းလည်း သိလာတယ်။

ပထမဆုံး ဘိုးဘိုးတို့ထင်တာက မင်းလေးနားများ ကန်းနေသလား လို့ပေါ့။ ဒါဆို ကြောက်မက်ဖွယ်ဖြစ်နိုင်ခြေတွေက အများကြီးပဲ။ ဦးနှောက် ပိုင်းဆိုင်ရာ ပုံမှန်မဟုတ်မှု၊ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်ချက်နှေးကွေးမှု သို့မဟုတ် နောက်ပြန်ဆုတ်မှု သို့မဟုတ် ဆွံ့အခြင်း ဖြစ်နိုင်တယ်။ နားကြားရဲ့လား စစ်ဆေးကြည့်တဲ့အခါ ကြားရတယ်ဆိုတာ သေချာတယ်။

အသိဉာဏ်ပိုင်းဆိုင်ရာတွေလည်း စစ်ဆေးကြည့်တယ်။ အပြုအမူ ပိုင်းဆိုင်ရာ ရုပ်ပိုင်းစစ်ဆေးချက်တွေ လုပ်ကြည့်တယ်။ အကောင်းဆုံး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆေးစစ်ချက်မှန်သမျှ အကုန်လုပ်ကြည့်တယ်။ နောက်ဆုံး ဆေးပညာအရ မင်းလေးအပေါ် တံဆိပ်တပ်လိုက်တဲ့ ရောဂါ နာမည်ကတော့ PDD(ထိုးဖောက်ပြန့်နှံ့နေသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဖရိုဖရဲ ဖြစ်ခြင်း)တဲ့။ အထွေထွေဆွံ့အခြင်းလို့ပဲ ဆိုပါစို့။ သည် ရောဂါ နာမည်သက်သက်လောက်က ဘာမှ များများစားစား ရှင်းမပြနိုင်ဘူး။ ငါ့ မြေးလေး ပြုမူလှုပ်ရှားသမျှတွေကို ကြည့်ပြီး လေ့လာသုံးသပ်နေရတယ်။

'ဆမ်'ရေ့။ ငါ့မြေးလေးရဲ့ ချစ်စရာကောင်းတဲ့ အပြုံးတွေက လူ တကာရဲ့ နှလုံးသားကို အရည်ပျော်ကျသွားစေတယ်။ မင်းက မေတ္တာတွေ တပုံတခေါင်းကြီးပေးနိုင်၊ လက်ခံနိုင်တဲ့ လူပါ။ သည် အရာအားလုံးက မင်းဘဝကို ကူညီပေးနိုင်ပါလိမ့်မယ်။ ဘိုးဘိုးကို မင်းသိပ်ချစ်တာ၊ ဘိုးဘိုးနဲ့ ဘီးတပ်လှည်းအတူတူ စီးရရင်ပဲ မင်းသိပ်ပျော်နေတာတွေ အတိုင်းသား မြင်တွေ့နေရတာပဲ။ ဒါတွေက ဘိုးဘိုး ဘဝကိုလည်း ကူညီပေးနေတာပဲ။ ကဲ အခုကြည့်၊ မင်းမှာလည်း ကိုယ်ပိုင် ကိုယ်ရည်၊ ကိုယ်သွေး၊ စိတ်ဓာတ်နဲ့ ပင်ကိုစိတ်ဝိဉာဉ်တွေ ရှိနေပြီး မင်း ဘေးပတ်ဝန်းကျင်က လူတွေဘဝကို မင်းတိုးတက်စေတာ တို့သိရပြီ။

ဒါပေမဲ့ နောက်ထပ် တို့သိစရာတွေ လိုသေးတယ်။

ဆွံ့အခြင်းမှာ သူတစ်ပါးနဲ့ ချိတ်ဆက်နိုင်တဲ့ အခွင့်အလမ်း၊ ရင်းနှီး ကျွမ်းဝင်မှုနဲ့ ချစ်မေတ္တာတွေ ရနိုင်တဲ့အခွင့်အလမ်းကို ခိုးယူတတ်တဲ့ စွမ်းအား တွေရှိနေတယ်။ ထူးဆန်းတဲ့ ဝိရောဓိအဖြစ် ဆွံ့အခြင်း ပိုပြင်းထန် လာလေ

mgyoe.com

mgyoe.com

လေ မင်းလေးထိခိုက်ခံစားနိုင်မယ့် အခွင့်အလမ်းတွေ ပိုလျော့နည်းလေလေ ဖြစ်နေတာပဲ။ ဆွံ့အခြင်းက သိပ်မပြင်းထန်ဘူးဆိုရင် တခြားသူနဲ့ ထိတွေ့ တုံ့ပြန်တဲ့ အရေးပါပါ ကျွမ်းကျင်မှုတွေ ချို့တဲ့ပြီး ကိုယ့်ရဲ့ ထူးခြားနေတဲ့ ချို့ငဲ့ချက်ကို ကိုယ်ပြန်ပြီး သတိပြုမိလာလို့ ကိုယ်ပဲစိတ်ဆင်းရဲမှု ဝေဒနာရ နိုင်တယ်။

'ဆမ်'ရေ့။ ခြားနားနေ၊ အများနဲ့မတူ ကွဲလွဲနေချက်က ပြဿနာ မဟုတ်ဘူးကွဲ့။ ခြားနားတာခြားနားတာပဲ။ သည် ခြားနားတာအပေါ် ခံစား ရချက်က ပြဿနာဖြစ်နေတာပါ။ သင် ခံစားချက် ပြောင်းလဲသွားတာနဲ့ ကမ္ဘာလောကကြီးကို သင်မြင်တဲ့ အမြင်တွေ၊ ရှုထောင့်တွေ၊ နည်းလမ်းတွေ အကုန်ပြောင်းကုန်တာပဲ။

တို့မြေးအဘိုးနှစ်ယောက် 'ဒစ္စနေ'ကစားကွင်းထဲ သွားလည်ကြတာ မှတ်မိသေးလား။ မင်းလေးက သိပ်ငယ်သေးတော့ မှတ်မိဦးမယ် မဟုတ်ဘူး။ ဘိုးဘိုးအနေနဲ့ 'ဒစ္စနေ'ကစားကွင်းကို ဒုက္ခိတ ဘဝနဲ့ စရောက်ဖူးတာက ဟိုးလွန်ခဲ့တဲ့ ၁၀ နှစ် လောက်ကပါ။

ဒီတုန်းက ဘီးတပ်လှည်းသိပ်အသုံးဝင်၊ အရာရောက်တာ တွေ့ရလို့ သိပ်ပျော်နေတဲ့အချိန်။ 'ဒစ္စနေ'ကမ္ဘာက ဘတ်စ်ကားတိုင်းမှာ ဘီးတပ်လှည်း ပါ၊ မ တင်ပေးတဲ့ ဓာတ်လှေကားပါတယ်လေ။ ဘိုးဘိုးပါတဲ့ ဘီးတပ်လှည်း ကားပေါ်ဒရိုင်ဘာက မ တင်ပေးတာစောင့်ပြီးမှ ကျန်ခရီးသည်တွေ ကားပေါ် တက်ကြရတယ်။ အပျော်ခရီးကစားကွင်းလာကြတဲ့ ခရီးသည်တွေမို့ ဘိုးဘိုး တစ်ယောက် ကားပေါ်အရင်ရောက်တာကို မငြိုမငြင် ပြုံးပြုံးနဲ့ စောင့်ပြီးမှ တက်ကြတာပေါ့။

မင်းနဲ့အတူ 'ဒစ္စနေ' ကမ္ဘာကို သွားတော့လည်း ဒီလိုကားမျိုးပဲ စီးရတာပါပဲ။ ဒါပေမဲ့ ခေတ်ကမတူ လူတွေပိုအလုပ်ရှုပ်၊ ပျာယာခတ် တဲ့ ခေတ်ကာလ ရောက်နေတာကို ဘိုးဘိုး သတိလစ်သွားမိတယ်။ ဘတ်စ် ကားပေါ်ကို ဘိုးဘိုးတို့ ဘီးတပ်လှည်း မ မတင်ရသေးမီ အလုအယက် တက်ကြပါရော။ ဘိုးဘိုးက မစောင့်နိုင်ဘူးဖြစ်နေတယ်။ လူတွေဘာလို့ ဒါလောက် အပူတပြင်းနဲ့ မောကြီး၊ ပန်းကြီး၊ လောကြီးနေရပါလိမ့်လို့

mgyoe.com

mgyoe.com

နားမလည်ခဲ့ဘူး။ နောက်ဆုံး ဘိုးဘိုးပဲ စိတ်တို၊ စိတ်ဆိုး၊ ဒေါသထွက်ရတယ်။

ဒါဘယ်သူ့အပြစ်လဲ။ စိတ်ဆိုး၊ ဒေါသထွက်သူရဲ့ အပြစ်ပဲပေါ့။

ဘတ်စ်ကားကလည်း ဒီကားမျိုးပဲ။ ဒုက္ခိတဖြစ်ရခြင်းလည်း အတူတူပဲ။ ကိုယ့်စိတ်ထားပုံကိုက ခြားနားသွားတာ။ ကိုယ့်ရဲ့ အများနဲ့မတူ ခြားနားချက်က အချက်အလက်သက်သက်ပဲ။ ဒီအပေါ် ဘာခံစားချက်မှ မပေါ်စေရဘူး။ ခံစားချက် ပေါ်လေ အထီးကျန် ဆန်လေပဲ။

'ဆမ်'ရေ။ ခုတော့ မင်းမေမေပြောတဲ့ ''ပြီးပြည့်စုံအောင် မင်းကောင်းနေပါတယ်''ဆိုတာကို ခုတော့ ဘိုးဘိုးကောင်းကောင်းကြီး သဘောပေါက်နားလည်သွားမိပါပြီ။ မင်းခန္ဓာကိုယ်ကတော့ ပြီးမပြည့်စုံနိုင်ဘူးပေါ့။ မင်းဦးနှောက်လည်း ဒီလိုပဲ မပြည့်စုံဘူး။ လူအများစုကနေ မင်းလေးသိပ်ကွဲလွဲခြားနားနေတာလည်း အမှန်ပါပဲ။

ဒါပေမဲ့ မင်းလေးရဲ့ မျက်ဝန်းတည့်တည့်ကို စူးစိုက်ကြည့်မိတဲ့အခါ မင်းရဲ့ ချို့မြမှုကို မြင်ရတယ်။ မင်းမေမေနဲ့ ဘိုးဘိုးသဘောချင်း ကိုက်ညီသွားပြီပေါ့။

အရေးပါဆုံး နည်းလမ်းတွေထဲက တချို့အဖြစ် မင်းလေးဟာ ပြီးပြည့်စုံပြီးသား ဖြစ်နေပြီကော။

မေတ္တာဖြင့်
ဘိုးဘိုး''ပုပ်''

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အပိုင်း ၂

# မင်းရဲ့ မိသားစုနဲ့ပတ်သက်၍

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မင်းရဲ့ဖေဖေနဲ့ ဘိုးဘိုးရဲ့ဖေဖေ

ချစ်စွာသော 'ဆမ်'

မင်းဖေဖေရဲ့ လူတစ်ဖက်သားအပေါ် ဂရုစိုက်တတ်မှုကို ဘိုးဘိုး ပထမဆုံး အာရုံခံသိရှိခဲ့ရတာက ပထမဆုံးမင်းတို့ မိသားစုအိမ်ကို ဘိုးဘိုး လာလည်စဉ်က ဖြစ်ပါတယ်။ ဒီမတိုင်ခင် မင်းမေမေ 'ဒက်ဘီ'ကို မင်း ဖေဖေက ဘိုးဘိုးလာရင် အစစအဆင်ပြေအောင် ဘာလုပ်ပေးထားရင် ကောင်းမလဲလို့ တိုင်ပင်တယ် ဆိုပဲ။ ဘိုးဘိုးရဲ့ ဘီးတပ်လှည်းမင်းတို့ အိမ်ပေါ် တန်းတက်လို့ရအောင် အိမ်ပေါက်ဝမှာ လျှောစောက်အဝင်လမ်းတစ်ခု သစ်သားပြားနဲ့ သူစလုပ်နေတယ်။ ဘိုးဘိုး အိမ်သွားလည်တော့ အဲဒီ လျှောစောက်လမ်းလေးပြီးနေလို့ ဘိုးဘိုးအသင့် အိမ်ပေါ်တက်နိုင်လာတယ်။

နောက်ပိုင်း မင်းမှာဆွံ့အခြင်း ဝေဒနာရှိလာမှန်း သိလာတော့လည်း မင်းဖေဖေပြောတဲ့စကား ဘိုးဘိုးဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ''ကျွန်တော် ၂ နှစ်လောက်တော့ အလုပ်က အနားယူလိုက်ရမယ်။ သားလေး 'ဆမ်'ကို ကမ္ဘာအနှံ့ ရွက်လွှင့်ပြီး လိုက်ပြချင်တယ်။ သူကျောင်းနေလို့မှ မရတော့ဘဲ။ သိသင့်သိထိုက်တာတွေ လိုက်ပို့၊ လိုက်ပြရတော့မှာပေါ့။

ဒါ မင်းဖေဖေရဲ့ စိတ်ထား၊ သဘောထား၊ စရိုက်တွေ သိနိုင်တဲ့ အမြည်းသဘောပဲ။ မင်းဘဝပြည့်စုံရေး လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းရေး အတွက် ဘာပဲလုပ်ရလုပ်ရဆိုတဲ့ သဘောတွေ့ရတယ်။

♦♦♦♦♦♦

mgyoe.com

mgyoe.com

ဘိုးဘိုးရဲ့ ဖေဖေ မင်းရဲ့ 'ပုပ်'။ 'ပုပ်'က မင်းဖေဖေ မင်းကို ချစ်သလို ဘိုးဘိုးကို ချစ်ရှာပါတယ်။ ချစ်ပုံချစ်နည်းပဲကွာတယ်။ သူရဲ့ ဖခင်ဖြစ်ရတဲ့ ပုံရိပ်ဟာ သူ့အဖေကတစ်ဆင့် ရလာတယ်လို့ ထင်ရတယ်။ ဒီအဖေ့အဖေ၊ ဘိုးဘိုးရဲ့ ဘိုးဘိုးဟာ ရုရှားမှာ ဆင်းရဲဒုက္ခတွေ အများကြီးကြုံတွေ့ခဲ့ရတယ်။ ဒီတိုင်းပြည်ရောက်ပြန်တော့လည်း သက်သက်သာသာ မရှိခဲ့ဘူး။ သူက သိပ်တိကျလွန်း၊ တင်းမာလွန်းပြီး လူတစ်ဖက်သားအပေါ် တောင်းဆိုချက်တွေ သိပ်မြင့်မားလှတယ်။ ဒီဘိုးအေကြီးက သူ့သားကို ဆုံးမသြဝါဒပေးတဲ့ အချက်က "မင်းဘယ်တော့မှ ကလေးတစ်ယောက်ကို ကောင်းတယ်လို့ မချီးကျူးရဘူး။ ချီးကျူးမိတာနဲ့ အဲဒီကလေးဟာ ခေါင်းကြီးကြီးနဲ့ ထုံထိုင်းသွားတတ်တယ်"တဲ့။ ဒါကြောင့်လား မသိ၊ ဘိုးဘိုးရဲ့ မိဘတွေ တစ်ခါမှ ဘိုးဘိုးကို ကြီးလာတဲ့အထိ တစ်ခါမျှ ချီးကျူးမြှောက်စားတယ်လို့ မရှိဘူး။

ခုတော့'ဆမ်'လေးရေ။ မင်းဖေဖေကတော့ ၂ နှစ်လောက် ပင်လယ်တစ်ကြော မင်းကို လိုက်ပြမယ် ပြောတာ ကံကောင်းလွန်းလှပြီ။ မင်းဖေဖေက ငယ်စဉ်က ရွက်လှေရွက်တိုက်တဲ့ သိပ်ဝါသနာပါတာ။ ကမ္ဘာ့အကောင်းဆုံးရွက်သင်္ဘောတချို့မှာ သင်္ဘောသားအဖြစ် လုပ်ခဲ့ဖူးတာပေါ့။ 'ဘာတီမိုးရ်'ကနေ 'ဘဟားမား' ကရစ်ဘီယန်အထိ သမုဒ္ဒရာဖြတ် ရွက်တိုက်လွှင့်ဖူးတယ် ပြောတယ်။ မင်းဖေဖေရဲ့ ဓာတ်ပုံတစ်ပုံမှာ တွေ့ဖူးတာတော့ သင်္ဘောသား အယောက် ၃၀-၄၀ လောက်နဲ့ စုဝေးရိုက်ထားတာတွေရတာပဲ။ ပင်လယ်ခရီးမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ ကိုယ်ပိုင်ကျွမ်းကျင်ချက်တွေ ရှိမှာ သေချာတယ်။

မင်းလေးရဲ့ ရောဂါကြောင့် မင်းမိဘနှစ်ပါးစလုံးရဲ့ လုပ်ငန်းဘဝတွေ ပြောင်းပစ်ကြရတယ်။ 'ဒက်ဘီ'က မင်းဖေဖေရဲ့ အောင်မြင်တဲ့ အသက်အာမခံကိုယ်စားလှယ်အလုပ်ကို ဝင်ကူဖို့ သူမရဲ့ အလုပ်ကထွက်ပြီး လင်မယားနှစ်ယောက်စလုံး အသက်အာမခံလုပ်ငန်းဆီ ပေါင်းလုပ်ကြတဲ့အတွက် အချိန်ပိုင်းလောက် လုပ်ရတာများပြီး ကျန်အချိန်ပိုတွေမှာ မင်းကို ကြည့်ရှုစောင့်ရှောက်နိုင်ကြတာပေါ့။

◆◆◆◆◆◆

mgyoe.com

မင်းနဲ့ မင်းဖေဖေတို့နိုးစပ်မှု၊ အားရင်အမြဲသားအဖအတူတူ ဆော့ကစားနေတာ တွေ့နေရတော့ သူငယ်ချင်းတွေလို့ ထင်ရတယ်။ ဘိုးဘိုးနဲ့ ဘိုးဘိုးရဲ့ အဖေတို့ ဆက်ဆံရေးက ဒါနဲ့ ဆန့်ကျင်ဘက်ဝေးကွာလှမ်းတာ သတိရမိတယ်။ ကိုယ့်ဖေဖေက ကိုယ့်ကိုချစ်တာ ခပ်ဝေးဝေးကနေ ချစ်တာ။ မိသားစုအတွက် ဝေးဝေးကနေ အလုပ်တအားလုပ်ပြီး ပိုက်ဆံရသလောက် ရှာတာပဲ။ ရတဲ့ပိုက်ဆံနဲ့ ကလေးတွေ ကောလိပ်ကျောင်းထားဖို့ အာရုံတစ်ခုပဲ ရှိရှာတယ်။ တစ်နေ့ကို ၁၃ နာရီကျ၊ တစ်ပတ်ကို ၆ ရက် အလုပ်တအားလုပ်ပြီး ငွေရှာတာ။ နယူးဂျာဆီပြည်နယ်၊ 'ပလဲဆင့်ဗီးလ်'က ရေတပ်စတိုးဆိုင်မှာ လုပ်တာပါ။ တကယ်တမ်းပြောရရင် ဒီအလုပ်က သူမကြိုက်တဲ့အလုပ်။ အဲဒီလို မကြိုက်တဲ့၊ မပျော်ပိုက်တဲ့ အလုပ်မှာ ၃၈ နှစ်ကြာလုပ်ခဲ့တာကို ကြည့်တော့။

ငယ်စဉ်တုန်းကတော့ ဒီအချက်ကို ကြည့်ပြီး ကိုယ့်အဖေကို တယ်တိကျလွန်း၊ လေ့နံ့ဓားထစ်နိုင်လွန်းတယ် ထင်မိတယ်။ ဒါပေမဲ့ ကြီးလာတော့ ဒါဟာ ဖွဲ့လုံ့လကြီးတာကို ပြတာပဲလို့ သဘောပေါက်လာပါတယ်။ ပြီးတော့ မိသားစုကို ချစ်တာ၊ ကြင်နာတာကို အသံတိတ်ပြနေတာပဲလို့ ခံစားရမိတယ်။ အိမ်မှာ နှုတ်ဆက်တဲ့အခါ တစ်ခါမှ သားကို အဖေလုပ်သူက ပွေ့ဖက်၊ နမ်းတာရယ်လို့ မရှိဘူး။ လက်ဆွဲနှုတ်ဆက်တာတောင် မရှိဘူး။

ဘိုးဘိုး လူပျိုကာလသားရောက်တဲ့အထိ သားအဖတွေ အနေဝေးတာကို မေမေက "ဒန်နီ မင်းဖေဖေကို နမ်းလိုက်ပါဦး" လို့ ရေလာမြောင်းခင်းတတ်တယ်။ ဘိုးဘိုးတို့ သားအဖနှစ်ယောက်စလုံးကတော့ ယောကျ်ား ပီပီသသနဲ့ပဲ မေ့မေ့စကားတစ်ခါမျှ နားထောင်လိုက်လုပ်တာ မရှိဘူး။ ဘိုးဘိုး ဒုက္ခိတ မဖြစ်မီ ၂၉ နှစ်လောက်မှာမှ ကိုယ့်မေမေခိုင်းတာကို နာခံပြီး သားက အဖေ့ကို စနမ်းဖူးပါတယ်။ ဒီလိုစနမ်းမိဖူးတော့လည်း ဝတ်ဘိုင်ဖေဖေလို့ အိမ်ကအထွက်တိုင်းမှာ ဖေဖေ့ကို အနမ်းပေးနှုတ်ဆက်တာ အကျင့်ရသွားတယ်။

◆◆◆◆◆◆

mgyoe.com

ဒီလိုနဲ့ ကိုယ့်ဖေဖေဖြစ်တဲ့ မင်းရဲ့ 'ပုပ်'ရဲ့ 'ပုပ်'ဟာ အသက် ၈၂ နှစ် ရောက်လာတဲ့အခါ နှလုံးရောဂါစရလာတော့တယ်။ ကျောက်ကပ်လည်း မကောင်းဘူး။ သူမသေမီခြောက်လတာအတွင်း 'အတ္တလန်တိတ်စီးတီး' မြို့မှာ ကိုယ်တို့သားအဖနှစ်ယောက် အနီးကပ်နေခွင့်ရတယ်။ အိမ်က ဖေဖေ့ အခန်းက ပင်လယ်ပြင်နဲ့ သဲသောင်ကမ်းစပ်ကို လှမ်းမျှော်ငေးလို့ရတယ်။

ပြင်းထန်တဲ့ လေတွေက သဲသောင်ပေါ်က ခြေရာတွေကို ဖျက်ပစ်နေတာကို အဲဒီ ဖေဖေ့အခန်းက သားအဖနှစ်ယောက် နှုတ်ဆိတ်ဆိတ်နဲ့ ထိုင်ငေးနေတတ်ကြတယ်။ သဲသောင်က သန့်စင်လို့၊ ကိုယ်က အဖေ့နား ကပ်ထိုင်ရင်း ကိုယ့်လက်တစ်ဖက် အမှတ်တမဲ့ ဖေဖေ့ပုခုံးပေါ်၊ ရင်အုံပေါ် အုပ်ကိုင်မိတယ်။ ရှေ့ကိုသာ ဆက်ငေးနေတဲ့ ဖေဖေဟာ သူ့ပါးပြင်နား ရောက်နေတဲ့ ကိုယ့်ရဲ့လက်မကို မကြည့်ဘဲ နမ်းလိုက်ပါတယ်။ ဒါ တစ်သက် တာလုံးအတွက် ဖေဖေ့ရဲ့ ကိုယ့်ကို နမ်းဖူးတာပဲ။ ရင်ထဲ ဘယ်လိုဖြစ်မှန်း မသိ၊ ကိုယ့်ရဲ့လက်မကို သူပါးပြင်နဲ့ ညင်ညင်သာသာ ပွတ်သပ်နေပြန် တာကိုး။

နောက်တစ်နေ့မှာ ဒီအခန်း၊ ဒီကုလားထိုင်မှာ ထိုင်ရင်း ဒီသဲသောင် ပြင်ကို ငေးကြည့်ရင်း မလှုပ်မယှက်တော့တာ သူနာပြုလာမှပဲ ဖေဖေ့အသက် မရှိတော့တာ သိရတယ်။ အသက်ထွက်တော့ အချိန်ကောင်း၊ အခါကောင်း ပါပဲ။ ဒါပေမဲ့ သူသေပြီး ရက်များစွာကြာမှ တစ်ယောက်က ကိုယ့်ကို ဘာလိုအပ်သလဲလာမေးရင်တော့ "ဖေဖေ့ပါးပြင် ကျွန်တော့်လက်မကို ထိကပ် ထားတာ နောက်တစ်ကြိမ်လောက် ခံကြည့်ချင်ပါရဲ့"လို့ ဘိုးဘိုး ပြန် ဖြေမိမှာပဲ။

အခုမြေးလေးနဲ့အတူ မြေးလေးရဲ့ 'ပုပ်'ရဲ့ 'ပုပ်'အကြောင်းပြန်ပြော ပြခွင့်ရတာ ဝမ်းသာကြည်နူးလှပြီ။ ကမ္ဘာပေါ်မှာ သူမှတ်သားခဲ့တဲ့ အမှတ် က သေးသေးလေးပါ။ သူဟာ ဘယ်အဖွဲ့အစည်းမှလည်း ဦးမဆောင်ခဲ့ဘူး။ မိန်းမတစ်ယောက်ကို ချစ်မြတ်နိုးလို့ လက်ထပ်ပြီး သားသမီးနှစ်ယောက် ကို ပြုစုပျိုးထောင်ခဲ့တာပဲရှိတယ်။

'ဆမ်'ရေ။ မင်းလည်း တစ်နေ့နေ့ မင်းဖေဖေရဲ့ အတိုင်းအတာ ပမာဏကို သိလာမှာပါပဲ။ သူ့ဘဝကိုရော သူ့မိသားစုဘဝကိုပါ ဘယ်

mgyoe.com

ကဏ္ဍာက လုပ်သွားတယ်ဆိုတာ မင်းတွေ့လာရလိမ့်မယ်။ တွေ့လာရသမျှထဲ အရေးပါဆုံးက မင်းဖေဖေနဲ့ မင်းတို့ သားအဖနှစ်ယောက် ပင်လယ်ပြင်ကို အတူထိုင်ငေးမိတဲ့အခါမျိုးမှာပေါ့ကွယ်။

*မေတ္တာဖြင့်*
ဘိုးဘိုး''ပုပ်''

mgyoe.com

mgyoe.com

## ကြီးတော်ကြီး"ရှရွန်"ရဲ့ လှူဒါန်းချက်

ချစ်စွာသော'ဆမ်'

မကြာသေးခင်က 'ကလိ(ဗ်)လန်း'မှာ ရှိတဲ့ 'Case Western' သုတေသနတက္ကသိုလ်မှာ 'ကန့်သတ်မဲ့မေတ္တာအကြောင်း သုတေသနပြုရေး' ခေါင်းစဉ်နဲ့ သုတေသနစီမံချက်တစ်ခုလုပ်တယ်။ 'ပရဟိတမေတ္တာ' အကြောင်း လေ့လာချက်ကို စူးစိုက်လုပ်တာပါ။ 'ပရဟိတမေတ္တာ'ဆိုတာက စွဲလမ်းချစ်ခင်မှု၊ သံယောဇဉ်နဲ့ မသက်ဆိုင်တဲ့ ပုဂ္ဂိုလ်ရေးမထားဘဲ အများသူငါအပေါ် တစ်ပြေးညီထားတဲ့ အများအကျိုးဆောင်မေတ္တာမျိုး ဖြစ်တယ်။ အနာဂတ်အတွက် ကုသိုလ်ပြုတဲ့ အလှူဒါနတွေကြောင့် ကိုယ့်ရဲ့ အခွန်ထမ်းဆောင်ရမယ့် ဝင်ငွေခွန်လည်း လျော့စေတာပေါ့။ 'ပရဟိတမေတ္တာ'က သူတစ်ပါးအတွက် တစ်ခုခုအကျိုးရှိစေဖို့ကိုသာ ရိုးရိုးလေး ရည်စူးပါတယ်။ အဖြူစင်ဆုံး ကုသိုလ်က ဒုက္ခအခက်အခဲတွေ၊ အကျပ်ဆိုက်နေတဲ့ သူမျိုးကို ထောက်ပံ့ကူညီရခြင်းပါပဲ။ သည်လို အလှူဒါနပြုခြင်းမျိုး၊ 'ပရဟိတမေတ္တာ'မျိုး၊ ဂျူးတွေရဲ့ ဟီးဘရူးသမ္မာကျမ်းစာမှာ ပါသလို ခရစ်ယာန်ဘာသာ အဆုံးအမနဲ့ ဗုဒ္ဓတရားတော်တွေမှာပါ ပြသသင်ကြားပေးထားပြီး ဖြစ်ပါတယ်။ အခြားသူများကို ပေးကမ်းစွန့်ကြဲရခြင်းက တန်ဘိုးအနဂ္ဃ အထိုက်တန်ဆုံးဖြစ်ပြီး တိတ်ဆိတ်စွာနဲ့ တစ်ကိုယ်ကောင်းစိတ် အကင်းမဲ့ဆုံးနဲ့ လုပ်ဆောင်ရတာ ဖြစ်ပါတယ်။

♦♦♦♦♦♦

mgyoe.com

ငါ့မြေးလေး 'ဆမ်'သာ စောစောလူ့လောကထဲ ရောက်လာရင် ဘိုးဘိုးရဲ့ အစ်မကြီး၊ မင်းကြီးတော်ကြီးကို မီခဲ့မှာပဲ။ ခုတော့ မင်းမမွေးခင်ကပဲ ကြီးတော်ကြီး 'ရှရွန်'တစ်ယောက် ဆုံးပါးသွားရှာပါပြီ။ ဘိုးဘိုးအစ်မကြီးက ကြီးမြတ်တဲ့ ဆရာမတစ်ယောက်ပါပဲ။

အစ်မကြီးက ဘိုးဘိုးထက် ၅ နှစ်ကြီးတယ်။ ဘိုးဘိုးက အစ်မကြီးကို 'စံ' ထားတယ်။ ကြည်ညိုတယ်။ မနာလိုသဘောတောင် ဖြစ်မိတယ်။ အစ်မကြီးက လူချစ်လူခင်သိပ်ပေါတာကိုး။ ဘိုးဘိုးကတော့ ခပ်ထုံထုံ ထိုင်းထိုင်းကောင်လေးမျိုး။ အစ်မက အမြဲနိုင်နေကျ။

ငယ်စဉ်တုန်းက မသင့်မြတ်တာတွေ ကလေးတို့ဘာဝ ရှိကြတာပေါ့လေ။ ပြီးတော့လည်း ပြီးသွားတာပါပဲ။ အမှတ်သညာ မထားကြပါဘူး။ ၁၅ နှစ်သားအရွယ် လူပျိုပေါက်ဖြစ်လာတော့ အစ်မကို ပိုတွယ်တာလာတယ်။ ဘာမဆို တိုင်ပင်ဖော်၊ တိုင်ပင်ဖက်။ ဆယ်ကျော်သက်အရွယ် စီးကရက်ခိုးသောက်တာ အစ်မတစ်ခါမိသွားတော့ ဆူလိုက်တာအရမ်းပဲ။ ဆေးလိပ်မကောင်းကြောင်း တရားဟောတာ ငယ်စဉ်တုန်းကတော့ နားထဲမဝင်ဘူး။ ကြီးလာတော့မှ ဖြတ်ရကောင်းမှန်း နားလည်တော့တယ်။

ဒီလိုနဲ့ နှစ်တွေကြာညောင်း၊ ဘိုးဘိုးလည်း အိမ်ထောင်ရက်သားတွေကျပြီး အရွယ်ထောက်လာခိုက် မင်းကြီးတော်ကြီးမှာ ရောဂါတစ်ခုဝင်လာတယ်။ အသေးအဖွဲလို့ ထင်မှတ်ရတဲ့ ဝေဒနာလေးတစ်ခုက စတာပါ။ ခေါင်းခဏခဏကိုက်လာတယ်။ မင်းဘွားဘွားက စသတိထားမိတာ။ 'ရှရွန်'ရဲ့ ခေါင်းကိုက်ရောဂါကို ဆရာဝန်ပြကြည့်တော့ ကနဦးသတ်မှတ်ချက်မှာ ဦးနှောက်ပိုင်းဆိုင်ရာ မသိမသာအကျိတ်ဖုပေါက်တာလို့ သိရတယ်။ နယူးဖော့စ်မှာရှိတဲ့ ကိုလံဘီယာဆေးတက္ကသိုလ်မှာ စစ်ဆေးတဲ့အခါကျတော့မှ 'ဘိုင်အော့စီ' (Biopsy)လုပ်ရာမှာ အဖြေထွက်လာတာက "ဒီရောဂါကို 'ဂလီယိုဘလပ်စတိုးမား' (Glioblastoma)လို့ ခေါ်တယ်" ဆိုပဲ။ သိမ်မွေ့နက်နဲတဲ့ ကင်ဆာတစ်မျိုးပါပဲ။ "ဒါက ကုလို့မရဘူး။ သူမရဲ့ဘဝ လက်ကျန်က ၁၈ လပဲ ရှိမယ်လို့ ခန့်မှန်းရတာပဲ"

ဘိုးဘိုးရင်ထဲ တုန်လှုပ်သွားမိခဲ့တယ်။ အဲဒီကတည်းက ရှာပနဩဘာစာ ရေးဖို့ပဲ ပြင်ဆင်နေမိတော့တယ်။

◆◆◆◆◆◆

mgyoe.com

mgyoe.com

ဆရာဝန်ပြောတာ မှန်တယ်။ 'ရှရွန်'ဟာ ၁၈ လခန့်ပဲ နေလိုက်ရတယ်။ သူ့ကိုချစ်တဲ့လူ၊ သိတဲ့လူတွေဟာ သူတစ်နေ့ထက်တစ်နေ့ သေမယ့်ရက်နီးလာတာကိုပဲ စောင့်နေရတော့တယ်။

ဘိုးဘိုးမှာတော့ အစ်မကြီးအကြောင်း နောက်ထပ် သိစရာတွေတိုးလာရပြန်တော့တယ်။ အစ်မကြီးမကွယ်လွန်မီ လပိုင်းလောက်က အိမ်ကိုမမျှော်လင့်တဲ့ ဧည့်သည်တစ်ယောက်ရောက်လာတယ်။ 'ရှရွန်'နဲ့ နှစ်ပေါင်းများစွာက သိခဲ့ဖူးတဲ့ လူလို့သိရတယ်။ အဲဒီတုန်းက အစ်မကြီးက စီးပွားရေးလမ်းသိပ်ဖြောင့်နေတဲ့ လုပ်ငန်းတွေ ပိုင်နေတယ်။ ယာယီအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းတစ်ခုအပါအဝင် အချိန်ပြည့်၊ အမြဲတမ်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုလည်း ပိုင်တယ်။ အဲဒီလူဟာ အဲဒီကာလတုန်းက'ရှရွန်'အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ ရောင်းမယ်လုပ်တော့ အစ်မကြီးဆီက စီးပွားရေးကောင်းနေတဲ့ အဆိုပါလုပ်ငန်းကို ဝယ်သွားဖူးတယ်လို့ဆိုတယ်။ သူဝယ်သွားပြီးနောက်ပိုင်းလည်း စီးပွားရေးကောင်းခဲ့တယ်လို့သိရတယ်။ သူနဲ့ 'ရှရွန်'လုပ်ငန်းအကြောင်းပြောကြ၊ ဆိုကြတယ်။ ပြောဆိုကြတဲ့အထဲ သူဟိုတုန်းက ဝယ်ယူသွားတဲ့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလုပ်ငန်းက မအောင်မြင်တော့လို့ စီးပွားရေးကျပ်တည်းလာကြောင်း ညည်းတယ်။

ညအိပ်ညနေအိမ်မှာတည်းတဲ့ ဒီဧည့်သည်ဟာ နောက်ရက်မနက်လက်ဖက်ရည်ဝိုင်းမှာ ဒီအခက်အခဲကိုပဲ ညည်းပြီး သူ့အိမ်ထောင်ရေးပါသည်အခက်အခဲကြောင့် ထိခိုက်ပျက်ပြားစပြုလာလို့ သူ စိတ်ဓာတ်အကြီးအကျယ်ကျ၊ ယုံကြည်ချက်ပါ ပျောက်ဆုံးရပြီလို့ ပြောတယ်။

နေ့လယ်စာ စားချိန်မှာ ဧည့်သည်က ထိုင်မှိုင်နေလို့ မနေတတ်တဲ့အစ်မကြီးက သူမရဲ့ လောလောဆယ်စီးပွားရေးကောင်းနေဆဲ စုံစမ်းရှာဖွေရေးအေဂျင်စီတစ်ခုရဲ့ လုပ်ငန်းသော့ကို စားပွဲပေါ်တင်ပြီး သူ့ဆီထိုးပေးတော့တယ်။

''ကဲ ဟောဒီသော့ဟာ မင်းပိုင်တဲ့သော့ပဲလို့မှတ်'' အဲဒီလူဟာ အဲဒီကစပြီး ကျေးဇူးတင်လို့မဆုံးဘူး။

mgyoe.com

mgyoe.com

“ကျွန်တော့် အိမ်ထောင်ရေးကို ကယ်တင်သလို ကျွန်တော့်ဘဝကိုလည်း ကယ်တင်ခဲ့တဲ့ အစ်မကြီးပါပဲ”လို့ ပြောရှာတယ်။

♦♦♦♦♦♦

ဒါဟာ “ပရဟိတမေတ္တာ”ပဲ။ အစ်မကြီးရဲ့ ဈာပနမှာ ဘိုးဘိုး မိန့်ခွန်းပြောတော့ လူတွေကို ဒီကမ္ဘာကြီးရဲ့ ရေ၊ မြေ၊ လေတွေကို ချေ့တာဖို့ သတိပေးပြီး “သည် မြေ၊ ရေ၊ လေထဲမှာ ‘ရှုရှန်’ ရှိနေတဲ့အတွက်ကြောင့်”လို့ တင်စားလိုက်တယ်။ ၈ နှစ်ကြာလာတဲ့ ခုအချိန်ထိ အစ်မကြီးသင်ကြားပေးတဲ့ “ပရဟိတမေတ္တာ”အကြောင်း အနှစ်သာရကို ဘိုးဘိုး မမေ့နိုင်အောင် သတိရနေဆဲပါပဲကွယ်။

မေတ္တာဖြင့်
ဘိုးဘိုး“ပုပ်”

mgyoe.com